# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 2 , 2023 Volume 63, Number 2

၂.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၂.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၁.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တရုတ်ဝယ်လိုအားကောင်းတာကြောင့်ယခုနှစ် ပဲသစ်ရာသီမှာ ပဲတီစိမ်းရွှေဝါတစ်အိတ် ကျပ် နှစ်သိန်းကျော်ထိ စံချိန်တင်ပေါက်ဈေးဖြစ်လာ



Source: မကွေးဂျာနယ်

တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေတာကြောင့် ယခုနှစ်ပဲသစ်ရာသီမှာ ပဲတီစိမ်းရွှေဝါ တစ်အိတ် ကျပ်နှစ်သိန်းကျော်ထိ စံချိန်တင် ပေါက်ဈေးဖြစ်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

တရုတ်နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်သည့်နောက်ပိုင်း ပြည်တွင်းပဲဈေးကွက်တစ်ခုလုံး ဝယ်လိုအားကောင်းလာပြီး ဈေးကွက်ပေါက်ဈေး အမြင့်ဈေးဖြစ်လာတာနှင့်အတူ ပြည်တွင်းပဲတီစိမ်းအသစ် ထွက်ရှိလာချိန်တွင် မန္တလေးပဲဈေးကွက်တွင် တစ်အိတ်ကျပ် ၂၂၅၀၀၀ အမြင့်ဆုံးဖြစ်သော်လည်း ရန်ကုန်တစ်အိတ်ကျပ် ၂၃၀၀၀၀ ထိ ပေါက်ဈေးရှိလာသည်။ ဈေးကွက်အတွင်းကိုလည်း ပဲတီစိမ်းအဝင်က အလုံးအရင်းဖြင့် ဝင်ရောက်တာမျိုးမဟုတ်ဘဲ ဧပြီလကုန်ထိ ဝင်ရောက်နေမည့် အခြေအနေဖြစ်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ပို့ကုန်ပဲများအပါဝင် ပဲတီစိမ်းဈေးကွက်မှာ အမြင့်ဆုံးဈေးဖြစ်လာသလို ပဲတီစိမ်း လမ်းပဲ ၊ အညာပဲတီစိမ်းများပါလိုက်ပါ ဈေးကောင်းနေကြောင်း၊ လက်ရှိမှာ နယ်စပ်တင်ပို့မှုထက် ပိုမိုကုန်ကျစရိတ်နည်းသည့် ရန်ကုန်သင်္ဘောတင်လိုင်းက ဈေးကောင်းပိုမိုရရှိနေကြောင်း ပြည်တွင်းမှာ ပဲတီစိမ်းထွက်ရှိမှုနည်းပါးနိုင်ခြင်းနှင့် နောက်ကျထွက်ရှိမည့် အခြေအနေများကြောင့် လက်ရှိပဲသစ်ရာသီမှာ ပဲတီစိမ်း ဈေးကွက် စံချိန်တင်ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) ကပြောသည်။

"မန္တလေးပဲဈေးကွက်မှာ ပဲတီစိမ်းမှ မဟုတ်ဘူးပဲဈေးကွက်တစ်ခုလုံး ကောင်းနေတာပါ။ ပဲတီစိမ်းရွှေဝါဆိုရင် တစ်အိတ်ကျပ် နှစ်သိန်းကျော်သွားပါပြီ။ ပဲတီစိမ်းရွှေဝါ ဈေးကောင်းတာနဲ့အတူ လမ်းပဲနဲ့ပဲတီစိမ်းအညာစတွေတောင် ၁၇၅၀၀၀ ထိပေါက်ဈေးဖြစ်လာပါတယ် တရုတ်ဝယ်လက်ကဝယ်လိုအား အရမ်းကောင်းနေတာကြောင့် ဈေးကောင်းရနေတာမျိုးပါ။

လက်ရှိမှာ ပဲတီစိမ်း ရွှေဝါက နယ်စပ်ကတင်ပို့မှုထက် ရန်ကုန်သင်္ဘောတင်ဈေးကွက်အတွက် ဝယ်ယူမှုများနေတာပါ။ နယ်စပ်ကတင်ပို့မှုက တင်ပို့စရိတ်သက်သာလို့ သင်္ဘောတင်ဈေးကွက်က ပိုမိုဝယ်ယူများနေခြင်းဖြစ်ပါတယ်။ ပြည်တွင်း ပဲထွက်ရှိမှုနည်းပါးလို့ ဈေးမြင့်တက်နေခြင်းဖြစ်လို့ ဝယ်လိုအားကောင်းနေခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။ ပဲတီစိမ်းရွှေဝါ(ခရမ်း) မှာ

လက်ရှိမှာ စံချိန်တင်ဈေးအမြင့်ဆုံးရရှိနေပြီး လမ်းပဲ၊ အညာပဲတီစိမ်းများပါ လိုက်ပါဈေးကောင်းနေခြင်းဖြစ်ကြောင်း၊ နယ်စပ်တင်ပို့မှုထက် ရန်ကုန်သဘော်ာတင်ဈေးကွက်မှာ ပိုမိုဈေးကောင်းနေပြီး ပဲတီစိမ်းတစ်အိတ် ကျပ် ၂၃၀၀၀၀ ထိ စံချိန်တင်ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ ပဲတီစိမ်းစိုက်ပျိုးချိန် မိုးရွာသွန်းမှုရှိခဲ့တာကြောင့် စိုက်ခင်းများပျက်စီးကာ အသစ်ပြန်လည်စိုက်ပျိုးမှုရှိခဲ့တာကြောင့်လည်း ပဲပေါ်ချိန် အပိုင်း ၂ ပိုင်းကွဲကာ ပွဲထွက်ရှိလာနိုင်တာကြောင့် လာမည့် မတ်၊ ဧပြီထိ ပဲသစ်ထွက်ရှိနိုင်ကြောင်း ဈေးကွက်အတွင်း ပဲသစ်အလုံးအရင်းဖြင့် ဝင်ရောက်မှုမရှိတာကြောင့်လည်း ဈေးကွက်ကောင်းနေခြင်းဖြစ်ကြောင်း ခေတ်သစ်ဦး ပို့ကုန်ပဲကုမ္ပဏီမှ ဦးသိန်းဇံက သုံးသပ်ပြောကြားသည်။

"ပဲတီစိမ်းရွှေဝါ မန္တလေးဈေးကတော့ တစ်အိတ်ငွေကျပ် ၂၁၃၀၀၀–၂၁၅၀၀၀၊ လက်ခူးပဲတီစိမ်းက ၂၀၆၀၀၀–၂၁၀၀၀၀ ကြား၊ ရိုးရိုးပုံမှန်စတွေက ၁၉၀၀၀၀–၂၀၀၀၀၀ကြားမှာ ပေါက်ဈေးရှိပါတယ်။ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကတော့ ခပ်သွက်သွက်ရှိနေပါတယ်။ ရန်ကုန်ပေါက်ဈေးကတော့ တစ်အိတ်ကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိပါတယ်။ လက်ရှိဈေးကွက်ကတော့ မန္တလေးဈေးကွက်ကို အဝင်နည်းပြီး ရန်ကုန်ဈေးကွက်ကိုသွားတာများပါတယ်။ နယ်စပ်ကုန်သွယ်မှုက သယ်ယူစရိတ် ပိုကြီးမြင့်နေလို့ ပုံမှန်သဘော်ာတင်လိုင်းက တင်ပို့မှုပိုများနေလို့ ရန်ကုန်ပဲဈေးကွက်မှာ ပဲတီစိမ်းဈေးက ပိုမိုရရှိနေပါတယ်။

အိန္ဒိယ ကုန်သည်တွေက လက်ရှိဈေးအမြင့်မှာဝယ်ယူမရှိဘဲအဓိက တရုတ်ပို့ကုန်သမားတွေကသာ ဝယ်ယူမှုရှိနေတာပါ။ ဒီနှစ်မှာကပဲတီစိမ်း စိုက်ပျိုးချိန်မိုးများတဲ့နေရာတွေက နောက်တစ်ကြိမ်ပြန်စိုက်ပျိုးရတော့ အထွက်နောက်ကျတာရှိပေမယ့် ကုန်းပိုင်းကျတဲ့နေရာက လက်ရှိမှာပဲထွက်နေတာဖြစ်တော့ ပဲပေါ်ချိန် ၂ ပိုင်းကွဲသွားတာဆိုတော့ ဧပြီလလောက်ထိ ပဲတီစိမ်းရွှေဝါက ထွက်ရှိနေမှာပါ" ဟု ၎င်းကပြောသည် ။

မြန်မာနိုင်ငံမှ ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံမှာ အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူနေပြီး ပဲတီစိမ်းမှာ နှစ်နိုင်ငံဝယ်လိုအားရှိနေတာကြောင့်လည်း တစ်နှစ်ထက်တစ်နှစ်ဝယ်လိုအားကောင်း ဈေးအမြင့်ရရှိလာခြင်းဖြစ်ရာ ယခင်နှစ် ကိုဗစ်ကာလအတွင်းမှာ ပဲတီစိမ်းရွှေဝါတစ်အိတ်ကျပ် ၁၂၃၀၀၀–၁၂၅၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိခဲ့ကြောင်းနှင့် ယခုနှစ်ပဲသစ်ရာသီတွင် ယခင်နှစ်များထက် အထွက်နှုန်းလျော့ကျနိုင်ကြောင်း ပဲကုန်သည်များကသုံးသပ်ထားသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယနှင့်တရုတ်၏ ဝယ်လိုအားကြောင့် ပဲဈေးနှုန်း ဆက်မြင့်တက်လာ

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့၏ ဝယ်လိုအားကြောင့် ပြည်တွင်းပဲဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းပဲဈေးနှုန်းသည် ဇန်နဝါရီလ ပထမပတ်အတွင်း ပဲတီစိမ်း(ရွှေဝါ)တစ်တင်း ကျပ် ၄၈၀၀၀ ဝန်းကျင်၌သာ ပေါက်ဈေးရှိနေရာမှ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျပ် ၆၃၀၀၀၊ တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ကျော်အထိ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။

ထို့ပြင် မတ်ပဲနှင့် ပဲပုပ်ဈေးမှာလည်း ကျပ် ၅၀၀၀၀ ကျော်မှနေ၍ ကျပ် ၅၆၀၀၀ ခန့်အထိ ဈေးနှုန်းမြင့်တက်လာသလို အခြားပဲမျိုးစုံမှာလည်း အမျိုးအစားအပေါ်မူတည်၍ တစ်တင်းလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀ကျော်အထိ ဈေးနှုန်းဆက်လက်မြင့်တက်လာကြောင်း သိရသည်။

ယင်းသို့ ပြည်ပအဝယ်လိုက်နေသော်လည်း ပဲထွက်ရှိမှုနှုန်း နည်းပါးနေသေးသည့်အတွက် ဈေးကွက်အတွင်း ဝယ်လိုအားများပြီး အရောင်းနည်းပါးနေကာ လက်ကျန်ပဲလည်း ရှားပါးနေကြောင်း သိရသည်။

**Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)**

## လျှပ်စစ်မော်တော်ယာဉ်သုံး လီသီယံဘတ္တရီထုတ်လုပ်ရေးစက်ရုံများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

မြန်မာနိုင်ငံ၌ မကြာမီ တွင်ကျယ်စွာအသုံးပြုလာနိုင်မည့် လျှပ်စစ်မော်တော်ယာဉ်သုံး လီသီယံဘတ္တရီထုတ်လုပ်ရေး စက်ရုံများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ဇန်နဝါရီ ၃၀ ရက်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ဖိတ်ခေါ်ခဲ့ ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတွင်ရှိသော ရေအားလျှပ်စစ်နှင့် လေအားလျှပ်စစ်စသည့် အရင်းအမြစ်များကိုအသုံးပြု၍ စွမ်းအင်အရင်းအမြစ်မျိုးစုံမှ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ လျှာထားစီမံကိန်းနေရာများသို့ စူးစမ်းလေ့လာရေးသွားရောက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း တွင်ကျယ်စွာအသုံးပြုလာနိုင်မည့် လျှပ်စစ်မော်တော်ယာဉ်သုံး လီသီယံဘတ္တရီ ထုတ်လုပ်ရေးစက်ရုံများတွင် ရုရှားကုမ္ပဏီများမှ ပါဝင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့်အခြေအနေ၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ စီမံကိန်းများတွင် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချရေးတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပုံစံများနှင့် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/243882

## တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန် ဈေးနှုန်းအပြောင်းအလဲများ



| သီးနှံအမည် | ဈေးနှုန်း | ဈေးကွက် | ၂.၁.၂၀၂၃ (ကျပ်) | ၁.၂.၂၀၂၃(ကျပ်) |
|---|---|---|---|---|
| ဆန် (ရွှေဘိုပေါ် ဆန်မွှေး) | ၁.၅ တင်း | ဝါးတန်း | ၆၀၀၀၀ မှ ၆၃၀၀၀ (ဟ) | ၆၅၀၀၀ မှ ၆၇၀၀၀ (သ) |
| ဆန် (ဒေသစံ ပေါ် ဆန်မွှေး) | ၁.၅ တင်း | ဝါးတန်း | ၆၀၀၀၀ မှ ၆၃၀၀၀ (ဟ) | ၆၅၀၀၀ မှ ၆၇၀၀၀ (သ) |
| ဆန် (ဧရာဝတီ ပုသိမ်ပေါ် ဆန်မွှေး) | ၁.၅ တင်း | ဝါးတန်း | ၅၉၀၀၀ မှ ၆၅၀၀၀ (ဟ) | ၆၈၀၀၀ မှ ၇၂၀၀၀ (သ) |
| ဆန် (ပေါ်ဆန်းနယ်စုံ) | ၁.၅ တင်း | ဝါးတန်း | ၅၈၀၀၀ မှ ၆၁၀၀၀ (ဟ) | ၆၃၀၀၀ မှ ၆၅၀၀၀ (သ) |
| ဆန် (ဧည့်မထ) | ၁.၅ တင်း | ဝါးတန်း | ၄၆၀၀၀ မှ ၄၇၀၀၀ (ဟ) | ၄၇၅၀၀ မှ ၄၈၅၀၀ (သ) |
| ဆန် (ငစိန်) | ၁.၅ တင်း | ဝါးတန်း | ၄၂၀၀၀ မှ ၄၃၀၀၀ (သ) | ၄၅၀၀၀ မှ ၄၇၀၀၀ (သ) |
| ဆန် (မြိတ်) | ၁.၅ တင်း | ဝါးတန်း | ၄၉၀၀၀ မှ ၅၂၀၀၀ (ဟ) | |
| ဆန် (ရွှေဘိုပေါ်ဆန်း) | ၁.၅ တင်း | ဝါးတန်း | ၇၀၀၀၀ မှ ၇၃၀၀၀ (ဟ) | ၇၄၀၀၀ မှ ၈၀၀၀၀ (သ) |
| ဆန် (ဧည့်မထ ၂၅ %) | ၁.၅ တင်း | ဝါးတန်း | ၄၀၀၀၀ မှ ၄၁၅၀၀ (ဟ) | ၄၆၀၀၀ မှ ၄၇၀၀၀ (သ) |
| ဆန် (ရက် ၉၀ ရှယ်) | ၁.၅ တင်း | ဝါးတန်း | ၄၈၀၀၀ မှ ၅၁၀၀၀ (ဟ) | ၅၅၀၀၀ မှ ၅၈၀၀၀ (သ) |
| ဆန် (သီးထပ်) | ၁.၅ တင်း | ဝါးတန်း | ၄၇၀၀၀ မှ ၄၇၅၀၀ (ဟ) | ၄၈၀၀၀ မှ ၄၉၀၀၀ (သ) |
| ကြာစပ်ရှယ် | ၁.၅ တင်း | ဝါးတန်း | ၆၃၀၀၀ မှ ၆၉၀၀၀ (ဟ) | ၇၂၀၀၀ မှ ၇၅၀၀၀ (သ) |
| ပေါ်ဆန်းရှယ် | ၁.၅ တင်း | ဝါးတန်း | ၅၁၀၀၀ မှ ၅၃၀၀၀ (ဟ) | ၆၅၀၀၀ မှ ၆၈၀၀၀ (သ) |
| တောင်ပံ့(ရွာပုံ) | ၁.၅ တင်း | ဝါးတန်း | ၆၅၀၀၀ မှ ၇၀၀၀၀ (ဟ) | ၇၁၀၀၀ မှ ၇၅၀၀၀ (သ) |
| ပေါ်ကွဲ (ရွာပုံ) | ၁.၅ တင်း | ဝါးတန်း | ၅၀၀၀၀ မှ ၅၂၀၀၀ (ဟ) | ၅၀၀၀၀ မှ ၅၅၀၀၀ (သ) |
| တောင်ပံ့ (မော်ကျွန်း) | ၁.၅ တင်း | ဝါးတန်း | ၅၇၀၀၀ မှ ၅၈၀၀၀ (ဟ) | ၆၈၀၀၀ မှ ၇၂၀၀၀ (သ) |
| ပေါ်ကွဲ (မော်ကျွန်း) | ၁.၅ တင်း | ဝါးတန်း | ၄၇၀၀၀ မှ ၅၀၀၀၀ (ဟ) | ၅၃၀၀၀ မှ ၅၅၀၀၀ (သ) |
| ကြက်သွန်နီ (ဆိတ်ခြေရှယ်) (သ) | ၁ ပိဿာ | ဘုရင့်နောင် | | ၁၆၀၀ |
| ကြက်သွန်နီ (ဆိတ်ခြေလတ်ကြီး) | ၁ ပိဿာ | ဘုရင့်နောင် | | ၁၆၀၀ |
| ကြက်သွန်နီ (ဆိတ်ခြေလတ်သန့်) | ၁ ပိဿာ | ဘုရင့်နောင် | | ၁၆၀၀ |
| ကြက်သွန်နီ (ဆိတ်ခြေလတ်ချော) | ၁ ပိဿာ | ဘုရင့်နောင် | | ၁၅၀၀ |
| ကြက်သွန်ဖြူ (ကြွကုတ်) (ရှယ်) | ၁ ပိဿာ | ဘုရင့်နောင် | ၃၅၀၀ မှ ၃၆၀၀ | ၃၆၅၀ မှ ၃၇၅၀ |
| ကြက်သွန်ဖြူ (အေးတင်ပန်းထုး ၂) | ၁ ပိဿာ | ဘုရင့်နောင် | ၄၀၀၀ | ၅၁၀၀ |
| ကြက်သွန်ဖြူ (အေးတင်ပန်းထုး ၃) | ၁ ပိဿာ | ဘုရင့်နောင် | ၄၆၀၀ | ၅၈၀၀ |
| ကြက်သွန်ဖြူ (အေးတင်ပန်းထုး ၄) | ၁ ပိဿာ | ဘုရင့်နောင် | ၄၈၀၀ | ၆၁၀၀ |
| ကြက်သွန်ဖြူ (အေးတင်ပန်းထုး ၅) | ၁ ပိဿာ | ဘုရင့်နောင် | ၅၁၀၀ | ၆၃၀၀ |
| ပဲဆီ | ၁ ပိဿာ | မန္တလေး | ၁၁၀၀၀ | ၁၁၀၀၀ မှ ၁၂၅၀၀ |
| နှမ်းဆီ | ၁ ပိဿာ | မန္တလေး | ၁၀၀၀၀ မှ ၁၁၀၀၀ | ၁၀၀၀၀ မှ ၁၁၀၀၀ |
| ပဲဆီ | ၁ ပိဿာ | မြိုင် | ၁၀၀၀၀ မှ ၁၁၀၀၀ | ၁၀၀၀၀ မှ ၁၁၀၀၀ |
| နှမ်းဆီ | ၁ ပိဿာ | မြိုင် | ၁၁၀၀၀မှ ၁၂၀၀၀ | ၁၁၀၀၀မှ ၁၂၀၀၀ |

**https://greenwaymyanmar.com**

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂ ရက်နေ့ကနေ ယခု ဖေဖော်ဝါရီလ ၁ ရက်နေ့ အထိ တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန်ဈေးနှုန်းတွေ ဘယ်လောက်ထိ ပြောင်းလဲသွားလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

ဒီတစ်လအတွင်းမှာ ဆန်ဈေးနှုန်းတွေကတော့ သိသိသာသာသာ တက်သွားခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်း၊ ပေါ်ဆန်းရှယ်နဲ့တောင်ပျံ (မော်ကျွန်း) စတဲ့ ဆန်ဈေးအမျိုးအစားတွေက ၁ တင်းခွဲ ၁ အိတ်ကို ၁၅၀၀၀ ဝန်းကျင်လောက်ထိ တက်သွားပါတယ်။ ဒီလထဲမှာ ဆန်ဈေးတွေက အတက်ကြမ်းခဲ့တယ်လို့ ပြောနိုင်ပါတယ်။

ဒီလထဲမှာ ဆန်သစ်တွေဈေးကွက်ထဲဝင်လာလို့ အများစုကတော့ ဆန်သစ်ဈေးနှုန်းတွေ ဖြစ်သွားတာပါ။ ဒီလို ဆန်သစ်ဈေးနှုန်းတွေဖြစ်တာတောင် ယခင်တစ်လက အဟောင်းဈေးတွေထက်ကို ဈေးတွေ ပိုမြင့်နေတာဖြစ်ပါတယ်။ ဇယားကွက်ပါနှိုင်းယှဉ်မှုမှာလည်း အသစ်၊ အဟောင်း ပြောင်းသွားတာတွေကို (သ)(ဟ) တွေနဲ့ ဖော်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းတုန်းက ဈေးတွေအတက်ကြမ်းသွားခဲ့တဲ့ ကြက်သွန်နီတွေဟာတော့ ယခုနှစ်ဆန်းပိုင်းမှာတော့ အသစ်တွေဈေးကွက်ထဲအများအပြားဝင်လာမှုနဲ့အတူ အကျဘက်ကိုရောက်လာပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်တုန်းကဆို ဈေးတွေတောင် ဖွင့်ခဲ့ခြင်းမရှိပါဘူး။ ဒီနေ့ ဖေဖော်ဝါရီ ၁ ရက် ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ အမြင့်ဆုံး တစ်ပိဿာကျပ် ၁၆၀၀ ထိသာရှိတော့တာ တွေ့ရပါတယ်။

ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ပြီးခဲ့တဲ့တစ်လနဲ့ယှဉ်ရင် သိသိသာသာ တက်လာတယ်လို့ ဆိုနိုင်ပါတယ်။ ကြူကုတ်(ရှယ်)ကလွဲလို့ အောင်ပန်းကြက်သွန်ဖြူအမျိုးအစားတွေဟာ အနည်းဆုံး ကျပ် ၁၀၀၀ ကျော်လောက်စီ ဈေးတွေတက်လာခဲ့ပါတယ်။

ပြည်တွင်းစားသုံးဆီဈေးတွေမှာတော့ မန္တလေးဈေးကွက်မှာ ပဲဆီဟာ ၁၅၀၀ ကျပ် ဈေးတက်လာပြီး ပြည်ဈေးကွက်မှာတော့ အရင်ဈေးအတိုင်းပဲ ဖြစ်ပါတယ်။ နှမ်းဆီဈေးကတော့ မန္တလေးရော ပြည်မှာရော ဈေးတွေအပြောင်းအလဲမရှိဘဲ ငြိမ်နေခဲ့ပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

Source: https://greenwaymyanmar.com/posts/rice_onion_and_oil_market_different_price_during_january_in_2023

## ၂၀၂၂ တွင် ထိုင်းဆန်တင်ပို့မှု လျာထားချက်ကျော်လွန်



Source: foodindustrydirectory.com.mm

ထိုင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၆၉ သန်း တင်ပို့ခဲ့သည်။

၂၀၂၁ ခုနှစ်ထက် ၂၂.၁% ပိုများသည်ဟု ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ လျာထားချက် တန်ချိန် ၇.၅ သန်းထက် ကျော်လွန်ခဲ့သည်။ ထိပ်တန်းဈေးကွက်များမှာ အီရတ်၊ တောင်အာဖရိက၊ တရုတ်နှင့်အမေရိကန်တို့ဖြစ်သည်။

ထိုင်းသည် အိန္ဒိယနှင့် ဗီယက်နမ်ပြီးလျှင် ကမ္ဘာ့တတိယအများဆုံး ဆန်တင်ပို့သူဖြစ်သည်။ ၂၀၂၂ တွင် ဘတ်ငွေ ကန်ဒေါ်လာလဲနှုန်းတွင် ဘတ်ငွေ အားပျော့နေခဲ့သဖြင့် ပို့ကုန်ဆန် ဈေးနှုန်းကို ကန်ဒေါ်လာသို့ ပြောင်းလဲလိုက်သောအခါ ဈေးသက်သာနေသည်။ ယခုအခါ ဘတ်ငွေ ကန်ဒေါ်လာလဲနှုန်းတွင် ဘတ်ငွေ မာနေသဖြင့် ပို့ကုန်ဆန်ဈေးနှုန်းသည် ငွေလဲနှုန်းကြောင့်မြင့်တက်သည်။ ထိုအခါ ရောင်းအား အနည်းနှင့်အများ ကျဆင်းသည်။

ယခုအခါ ၁ ကန်ဒေါ်လာ ၃၂.၅၀ ဘတ်ဝန်းကျင်ရှိသည်။ ၂၀၂၂ အောက်တိုဘာလတွင် ၁ ကန်ဒေါ်လာ ၃၈ ဘတ်ဝန်းကျင် အထိ အားပျော့နေခဲ့သည်။ ၅% ဆန်ကွဲပါ ထိုင်းဆန်ဖြူဈေးနှုန်းသည် ဒီဇင်ဘာလလယ်တွင် တစ်တန် $465 ရှိခဲ့ပြီး ငွေလဲနှုန်းကြောင့် ၂၀၂၃ ဇန်နဝါရီလ ၁၈ ရက်တွင် $523 အထိ မြင့်တက်လာသည်။

ထိုသို့ ဘတ်ငွေမာနေခြင်းကြောင့် ယခုလအစောပိုင်းတွင် ထိုင်းဆန်တင်ပို့သူများအသင်း Thai Rice Exporters Association မှ ၂၀၂၃ ခုနှစ်အတွက် ရည်မှန်းထားချက်ကို တန်ချိန် ၈ သန်းမှ ၇ ဒသမ ၅ သန်းသို့ လျှော့ချပြီး ပြင်ဆင်သတ်မှတ်ခဲ့သည်။

Source: Bangkokpost

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5722-thai-rice.html

## နယ်စပ်ဂိတ်များ ပြန်ဖွင့်၍ ပဲအသစ်များအဝင်ရှိသလောက် အရောင်းသွက် ၊ ဈေးမြင့်လာ

ဖေဖော်ဝါရီလ ပထမအပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတဝိုက်မှ ပဲအသစ်များ ဝင်ရောက်နေပြီး ၊ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်လိုက်သည့်နောက်ပိုင်း ကုန်စည်တင်ပို့မှု အဆင်ပြေလာသောကြောင့်၊ ပို့ကုန်ပဲများ အဝင်ရှိသလောက် အရောင်းသွက်၍ ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၄၅၀၀၀ မှ ၁၆၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၄၅၀၀၀ မှ ၁၅၈၀၀၀ ၊ ယခင်လ ကျပ် ၁၃၅၀၀၀ မှ ၁၄၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၇၀၀၀ ၊ ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၂၅၀၀၀ မြင့်တက်လာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၅၅၀၀၀ မှ ၂၆၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၄၀၀၀၀ မှ ၂၅၀၀၀၀ ၊ ယခင်လ ကျပ် ၁၉၀၀၀၀ မှ ၂၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၉၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ မြင့်တက်လာသည်။

**မတ်ပဲ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၇၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၁၆၇၀၀၀၊ ယခင်လ ကျပ် ၁၆၁၀၀၀ မှ ၁၆၃၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ ယခင်လထက် ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ နိမ့်ကျလာသည်။

**ပဲစင်းငုံ(နီ)** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၇၂၀၀၀ မှ ၁၇၂၅၀၀ ၊ ယခင်လ ကျပ် ၁၆၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၂၅၀၀ မှ ၁၃၀၀၀ ၊ ယခင်လထက် ကျပ် ၂၀၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုန်ဌာန

## STOCK EXCHANGE (2.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,819 (Shares) | 19,117,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 506 | 4,301,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 335 | 1,100,500 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,150 | +150 | +7.50% | 2,050 | 2,150 | 2,050 | 5,394 | 11,482,100 | 24,720,530 | 53,149 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 289 | 780,300 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,000 | 5,000 | 4,900 | 294 | 1,445,600 | 10,497,598 | 51,438 |

### Market summary

As of 2nd Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.86 | +2.13 | +0.54% | 393.04 | 393.86 | 389.42 | 6,819 | 19,117,800 | 7 | 685,163 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 2nd Feb. 2023

| Trading Volume | Trading Value |
|---|---|
| 6,819 (Shares) | 19,117,800 (MMK) |

### Main Board

As of 1:00 pm, 2nd Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,819 (Shares) | 19,117,800 (MMK) |

| MYANPIX | 393.86<br>▲ 2.13 |
|---|---|
| Total Volume (shares) | 6,819 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 685,163 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,150 | ▲ 150 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR